# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# နဝမနေ့ အစည်းအဝေး အကျဉ်းချုပ်

# ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်

# ( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၆ ရက် )

# [ ကြာသပတေးနေ့ ]

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၆ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

## ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း

၂။ ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

## မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း

၃။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ဝိုင်းမော်-မန်ဝိန်း-ချီဖွေ သွားသောကားလမ်းပေါ်ရှိ လမ်းဦးစီးဌာနမှ လမ်းအသုံးပြုခ ကောက်ခံခွင့်ပြုထားခြင်းမရှိဘဲ လမ်းအသုံးပြုခ ကောက်ခံနေသော ပြည်သူ့စစ်ဂိတ်များကို အမြန်ဆုံး ဖြုတ်သိမ်းပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် က လက်ရှိအချိန်တွင် ဝိုင်းမော်-မန်ဝိန်း-ချီဖွေ သွားသော ကားလမ်းတစ်လျှောက် လုံခြုံရေးနှင့် မသက်ဆိုင် သည့်ကိစ္စရပ်များ မရှိသည့်အပြင် ထပ်မံမဖြစ်ပေါ်စေရေး အလေးထားလိုက်နာ ဆောင်ရွက်သွားရန် ဇွန်လ ၁ ရက်နေ့တွင် ပြည်သူ့စစ် (ဌာနေ) အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများအား တိုင်းစစ်ဌာနချုပ်သို့ ခေါ်ယူတွေ့ဆုံ၍ ညွှန်ကြားထားပြီးဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

( ခ ) ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်၊ ဇီးထန်ကျေးရွာအုပ်စု၊ ချီလာဝါဒီကျေးရွာ**

**သို့မဟုတ် လော်ဝူးချီလာကျေးရွာတွင် တရားဝင် (မြန်မာ-တရုတ် ကျောက်တိုင် အမှတ်-၃၁) ဝင်ထွက်ဂိတ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် နယ်စပ်ကူး စာအုပ် (BP) ထုတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင် က နှစ်နိုင်ငံသဘောတူစာချုပ်တွင် ခွင့်ပြုထားသည့် ဝင်ထွက်ပေါက် (၈)ခုနေရာတွင် ပါဝင်ခြင်းမရှိကြောင်း၊ အဆိုပါ ဝင်ထွက်ဂိတ် ဒေသသည် နယ်မြေလုံခြုံရေးဆောင်ရွက်ပေးနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာခြင်းတို့ရှိမည်ဆိုလျှင် နှစ်နိုင်ငံ သဘောတူညီချက်ဖြင့် တရားဝင်ဖွင့်လှစ်သွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်လမ်းကြောင်းဖြင့် တရုတ်နိုင်ငံဘက်သို့ ညှိနှိုင်းပြီး ဖွင့်လှစ်ပါက နယ်စပ်ဖြတ်သန်းခွင့်စာအုပ် (Border Pass)များဖြင့် ဖြတ်သန်းနိုင်ရေး လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သုံးခွကျေးရွာအုပ်စုအနီးရှိ ဝက်ဝံတောင် သစ်တောကြိုးဝိုင်း၊ အကွက်အမှတ်(၅)အတွင်း မြေငှားတောင်သူများအား သစ်ပင်စိုက်ပျိုးရန် သက်ဆိုင်ရာမှ ခွင့်ပြုထားသော်လည်း စိုက်ပျိုးခြင်းမပြုဘဲ ကုမ္ပဏီများမှ အဖွဲ့အစည်းတချို့နှင့် ပူးပေါင်းပြီး ရွှေတူးဖော်နေသဖြင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းနှင့် တောင်သူများ ထိခိုက်နစ်နာနေမှုအပေါ် မည်ကဲ့သို့ အရေးယူ ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေ က ရာဘာစိုက်ခင်းဧရိယာများအတွင်း ရွှေသတ္တုတူးဖော်ရန် ခွင့်ပြုထားခြင်း မရှိကြောင်း၊ ခွင့်ပြုချက်မရရှိဘဲ တရားမဝင် ရွှေသတ္တုတူးဖော်ပါက သစ်တောဥပဒေ၊ သတ္တုတွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားသည်။

(ဃ) ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **မြန်မာနိုင်ငံရှိ တူးဖော်ပြီး၊ တူးဖော်ဆဲသတ္တုတွင်းကြီးများဖြစ်ကြသော စပယ်တောင်၊ ကြေးစင်တောင်သတ္တုတွင်း၊ ကျောက်ပုထိုး ရွှေသတ္တုတွင်း၊ ဟိန္ဒား**

**ခဲမဖြူ သတ္တုတွင်း၊ မောတောင် ဟင်းလင်းဖွင့် ကျောက်မီးသွေးသတ္တုတွင်း၊ ကလေးဝ မြေအောက်ကျောက်မီးသွေးသတ္တုတွင်းများအား သတ္တုတွင်း ပိတ်သိမ်းခြင်း အစီအမံ ဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ က လက်ရှိအနေဖြင့် မိုင်းပိတ်သိမ်းခြင်း လုပ်ငန်း ဆောင်ရွက်နေသည့် စပယ်တောင်သတ္တုတွင်း(၁)ခုသာရှိပြီး မိုင်းပိတ်သိမ်းမှု အစီအစဉ်ကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်သတ္တုတွင်းစီမံကိန်းများမှာ လုပ်ငန်းဆောင်ရွက်ဆဲဖြစ်ပြီး သတ္တုတွင်း ပိတ်သိမ်းခြင်း အစီအမံများအတိုင်း ပိတ်သိမ်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

( င ) ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ခုတင်(၁၀၀)ဆံ့ ခရိုင်ဆေးရုံကြီးအတွက် (၉၀ x ၃၄ x ၂၄)ပေ RC (၂)ထပ်ဆောင်အသစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် စီမံကိန်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ရှင်းလင်းဖြေကြားသည်။

( စ ) ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် စိတ်ကျန်းမာရေးဆိုင်ရာ ရောဂါဝေဒနာရှင် များကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ကုသမှုပေးနိုင်ရန် အမျိုးသားအဆင့် စိတ်ကျန်းမာရေးမူဝါဒအား မည်သို့ချမှတ်ဆောင်ရွက်မည် ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က ယခုအချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် စိတ်ကျန်းမာရေးမူဝါဒနှင့် စိတ်ကျန်းမာရေး မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၅)ကို ထုတ်ပြန်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

( ဆ ) ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ တံတားကျေးရွာအုပ်စု၊ တံတား အနောက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က လိုအပ်သည့်အခြေခံမှုများနှင့် ကိုက်ညီမှုမရှိသဖြင့် တံတားကျေးလက် ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန် သင့်လျော်မှု မရှိသေးကြောင်း ရှင်းလင်းဖြေကြားသည်။

**ဥပဒေကြမ်း တင်သွင်းခြင်း၊ အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရာ ဒေါက်တာမျိုးအောင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) (ဥပဒေကြမ်းကော်မတီဝင်) က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းပြီး ဥက္ကဋ္ဌ က ယင်း ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**အစီရင်ခံစာ ဖတ်ကြား တင်သွင်းခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၅။ ဒေါက်တာစန်းမောင်မောင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) (အတွင်းရေးမှူး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ) က အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ "ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု" အစီရင်ခံစာကို ဖတ်ကြား တင်သွင်းပြီး ဥက္ကဋ္ဌ က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

၆။ အစည်းအဝေးကို ၁၁:၄၇ နာရီ အချိန်တွင် ရပ်နားပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း စိစစ်မည့်ကာလအတွက် (၈-၈-၂၀၂၀)ရက်နေ့မှ (၁၈-၈-၂၀၂၀)ရက်နေ့အထိကာလကို လွှတ်တော် အစည်းအဝေးများ ခေတ္တရပ်နားသွားမည်ဖြစ်ကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**